## သာမန်ကာလ (၂၅)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာတေဦး ၂၀း၁-၁၆က

ဒီနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှ ပုံဥပမာထဲက စပျစ်ခြံပိုင်ရှင်လိုပဲ ဘုရားသခင်က အရင်အလုပ်ဝင်သူပဲဖြစ်ဖြစ်၊ နောက်ဆုံးမှ အလုပ်ဝင်သူပဲဖြစ်ဖြစ် အတူတူ တစ်ရက်လုပ်ခကို အပြည့်အဝပေးချင်တယ်။ ကျနော်တို့ လူတွေအနေနဲ့ စားဝတ်နေရေးပြေလည်ဖို့အတွက် အလုပ်ရမှ ဖြစ်မှာပါ။ မိသားစုအရေး၊ စားဝတ်နေရေး ပြေလည်မှာပါ။ ဒါကြောင့် အလုပ်ရှင်က အလုပ်ပေးတာကို ကျနော်တို့က ကျေးဇူးတင်ရမှာပါ။ ကျနော်တို့လည်း နေ့စဉ်အလုပ်အတွက် ဘုရားကို ကျေးဇူးတင်ရပါမယ်။ တစ်ချို့က ကိုယ်ပိုင်စီးပွါးရေး၊ ကိုယ်ပိုင်အလုပ်ရှိကြပါတယ်။ ဘာပဲဖြစ်ဖြစ် အလုပ်ကတော့ လုပ်ကြရတာချည်းပါပဲ။ ဒီလိုလုပ်တဲ့အခါ လူတိုင်းအပေါ် စေတနာထားပြီး လုပ်ရပါမယ်။ အလုပ်မှာလည်း စေတနာက အကျိုးပေးပါတယ်။

အခု ဖတ်သွားတဲ့ ဥပမာပုံပြင်ထဲက ပထမဦးဆုံး အလုပ်ရတဲ့သူ၊ အလုပ်ဝင်တဲ့လူတွေလို ကိုယ့်ကိုယ်ကို မာနမကြီးရဘူး။ “ငါတို့က ပထမဆုံးအလုပ်ဝင်ပြီး ကြာကြာအလုပ်လုပ်ရလို့ လုပ်ခပိုရသင့်တယ်လို့လည်း မတွက်ဆသင့်ပါဘူး။ ဒီလိုပဲ သခင်ယေဇူးခေတ်က ဖါရီဇေဦးတွေ၊ ကျမ်းတတ်ဆရာတွေက ဘုရားကသူတို့ကို ခေါင်းဆောင်အဖြစ်ခေါ်တော်မူတာကို မာနကြီးကြတယ်၊ သူများနဲ့ တန်းတူလို့ သဘောမထားချင်ကြဘူး။ မနှိမ့်ချကြဘူး။

သခင်ယေဇူးက ဘာသာရေးခေါင်းဆောင်တွေနဲ့ ဂျူးလူမျိုးတွေကို သတိပေးခဲ့တာက သူတို့ဟာ ဘုရားသခင်ရဲ့လူမျိုးတော် ဖြစ်လာရတာက သူတို့ရဲ့လုပ်ဆောင်မှုကြောင့် မဟုတ်ပဲ ဘုရားရဲ့ကျေးဇူးတော်သက်သက်သာ ဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့မှာ ကြွားဝါစရာ မရှိပါဘူး။ ကျနော်တို့မှာ လူအများကို သက်သေခံဖို့ ဟောပြောဖို့အလုပ်အတွက်သာ ကျေးဇူးတင်ရမှာပါ။ အဲဒီလို ကိုယ့်ကျိုးစားမှုကြောင့်မဟုတ်ပဲ ဘုရားက ရွေးကောက်လို့ ဦးဆောင်သူနေရာမှာ ရောက်နေရတာပါ။ ဒါကြောင့် ကိုယ်ဦးဆောင်ပေးရမည့်လူတွေကိုလည်း ကိုယ့်လက်အောက်ကလူ၊ ငါ့လူ၊ ငါ့ကျွန်လို့ သဘောမထားရပါဘူး။ အားလုံးဟာ ဘုရားသခင်ရဲ့လူတွေပါ၊ ဘုရားပိုင်ဆိုင်တဲ့သူတွေပါ။ ဒါကြောင့် လူတွေကို ကိုယ့်ကျွန်လိုလို ကြိုက်သလို ပြုမူခွင့် မရှိပါဘူး။

စပျစ်ခြံပုံဥပမာထဲကလို ဘယ်သူဘယ်ဝါပဲဖြစ်ဖြစ် ဘုရားကတော့ လူတိုင်းကို ဂရုစိုက်တော်မူပါတယ်။ ဘုရားသခင်က ကျနော်တို့အပေါ် ခွဲခြားဆက်ဆံတာ မရှိပါဘူး။ ပထမလာတဲ့သူဖြစ်ဖြစ်၊ နောက်ဆုံးမှ လာတဲ့သူဖြစ်ဖြစ် လူတိုင်းက ဘုရားအတွက် အရေးကြီးပါတယ်။ ဒါကြောင့် အလုပ်ရဖို့ စောင့်နေသူတိုင်းကို ရှာဖွေခဲ့သလို ဘုရားသခင်ကလည်း လူတိုင်းကို ရှာဖွေနေပါတယ်။ ဒါကြောင့် ခြံပိုင်ရှင်က ဈေးထဲ ခဏခဏသွားရှာတာပါပဲ။

ဘုရားသခင်က ကျနော်တို့လုပ်တဲ့အလုပ်ကို တန်းတူတန်ဖိုးထားပါတယ်။ ကျနော်တို့ ဘယ်အလုပ် လုပ်တယ်၊ ဘယ်လောက်ကြာကြာလုပ်တယ်ဆိုတာ ဘုရားက မကြည့်ပါဘူး၊ ဘယ်လောက် ချစ်ပြီးလုပ်တာလဲ၊ ဘယ်လောက်စေတနာထားလုပ်တာလဲဆိုတာပဲ တန်ဖိုးထားပါတယ်။ ဒါကြောင့် နောက်ဆုံးမှအလုပ်ဝင်တဲ့သူကိုလည်း စောစောစီးစီး

အလုပ်ဝင်လုပ်သူတွေအတိုင်း လုပ်ခအပြည့် ပေးချင်တာပါပဲ။

ကျနော်တို့က ဘုရားသခင်ရဲ့သနားတတ်ပုံ၊ ရက်ရောပုံတွေကို သင်ယူပါမယ်။ အလုပ်မရှိတဲ့သူတွေကိုလည်း ဘုရားက သနားတော်မူတယ်။ အလုပ်မရှိတော့ ဘဝမှာ အဓိပါယ်မရှိတော့သလို ဖြစ်နေသူတွေကို ပိုဂရုစိုက်ပါတယ်။ ဘဝမှာ အလုပ်မရှိလို့ ကိုယ့်ကိုယ်ကို အသုံးမဝင်တဲ့လူလို့ ခံစားရမှာကို စိုးရိမ်စရာပါပဲ။ နေ့စားအလုပ်သမားတစ်ဦးရဲ့တစ်နေ့လုပ်ခက မိသားစုအတွက် အရေးကြီးတယ်ဆိုတာကိုလည်း ဘုရားက သိတော်မူပါတယ်။ အဲဒီလုပ်ခမရပါက မိသားစု၊ သားသမီးတွေ ဆင်းရဲဒုက္ခရောက်မှာကို သိပါတယ်။ ဒါကြောင့် နောက်ကျပြီး အလုပ်ဝင်လာတဲ့သူတွေကိုလည်း နောက်ကျလို့ဆိုပြီး လုပ်ခမဖြတ်ပါဘူး၊ လုပ်ခအပြည့် ပေးဖို့လည်း မနှမြောနေတော့ပါဘူး။ ဘုရားသခင်က အလုပ်သမားတစ်ယောက်တင်မက သူ့နောက်မှာရှိတဲ့မိသားစုအရေးကိုပါ ထည့်စဉ်းစားပေးပါတယ်။ ဒါကြောင့် ဟိုတစ်ခါ ရှင်ပေတရုက မေးခဲ့သလို "တပည့်တော်တို့သည် အရာရာကို စွန့်ပစ်ကြ ၍ ကိုယ်တော့်နောက်သို့ လိုက်ခဲ့ကြပြီ။ တပည့်တော်တို့ ဘာရမှာလဲ" ဆိုတဲ့ အတွေးအခေါ်ကို မထားဖို့ ကောင်းတယ်။ လောကသားတွေကတော့ ဘာရမလဲ၊ ရရင်လုပ်မယ်၊ မရရင် မလုပ်ဘူး၊ တွက်ခြေကိုက်ရင်လုပ်မယ်၊ တွက်ခြေမကိုက်ရင် မလုပ်ဘူး ဆိုတဲ့ အတွေးအခေါ်ပဲ ရှိကြတယ်။

ကျနော်တို့ရဲ့ အပျော်ရွှင်ဆုံးကတော့ ကိုယ်က သူတစ်ပါးကောင်းကျိုး ဆောင်ရွက်ပေးရတဲ့ပီတိပါပဲ။ လူများကို အကျိုးဆောင်ပေးခြင်း၊ ကူညီပေးရခြင်းမှ ရရှိတဲ့ပျော်ရွှင်ခြင်းက လောကကြီးက မပေးနိုင်တဲ့ပျော်ရွှင်မှုပါပဲ။ ဘာရမလဲဆိုတဲ့ ဆုလာဘ်ကိုပဲ အာရုံထားနေရင် ကျနော်တို့ လောကက မပေးနိုင်တဲ့ ပျော်ရွှင်မှုကို မရတော့ဘူးပေါ့။ ဒါကြောင့် စေတနာစစ်စစ်နဲ့လုပ်ပါ။ ကိုယ်ချင်းစာစိတ်နဲ့လုပ်ပါ။ ချစ်တဲ့စိတ်နဲ့ လုပ်ပါ။ ဒါဆိုရင် သင့်လုပ်ဆောင်ချက် အောင်မြင်ပါလိမ့်မယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းမျှား ခံစားရပါစေ။